# တရားဝင် မဲစာရွက်
# နှစ်စဉ် မြို့တော် ရွေးကောက်ပွဲ
# ဘာလင်တန်၊ ဗားမောင့်
# 2022 ခုနှစ်၊ မတ်လ 1 ရက်
# ရပ်ကွက် 6

SAMPLE

## မဲပေးသူများအတွက် လမ်းညွှန်ချက်များ

1. ဘဲဥပုံထဲတွင် ဖြည့်ရန် ဖောင်တိန် အမည်း သို့မဟုတ် ခဲတံကို သုံးပါ။
2. မဲစာရွက်ပေါ်တွင် အမည် ဖော်ပြထားသည့်သူကို မဲပေးရန် ထိုပုဂ္ဂိုလ်၏ အမည် ညာဘက်ရှိ ဘဲဥပုံထဲတွင် ဖြည့်ပါ။
3. မဲစာရွက်ပေါ်တွင် အမည်ဖော်ပြမထားသည့် ပုဂ္ဂိုလ်ကို မဲပေးရန် ပေးထားသော နေရာလွတ်ထဲတွင် ၎င်းတို့၏ အမည်ကို ရေးပါ သို့မဟုတ် ထည့်သွင်းပါ။ ပြီးလျှင် အခြား ကိုယ်စားလှယ်လောင်း အမည် ဖြည့်စွက်ရန် စာကြောင်း၏ ညာဘက်ရှိ ဘဲဥပုံထဲတွင် ဖြည့်ပါ။
4. ရုံးတစ်ရုံးအတွက် "အများဆုံးမဲပေးနိုင်သူ # ဦး" ထက် ကျော်လွန်ပြီး ကိုယ်စားလှယ်လောင်းများကို မဲမပေးပါနှင့်။
5. မဲစာရွက်ပေါ်တွင် အမှားလုပ်မိပါက၊ စာရွက်ကို ဖြဲမိပါက သို့မဟုတ် ဖျက်ဆီးမိပါက ၎င်းကို ရွေးကောက်ပွဲ အရာရှိထံ ပြန်အပ်နှံပြီး နောက်ထပ် မဲစာရွက်တစ်ရွက် ရယူပါ။ ဖျက်ရာ၊ ခြစ်ရာ မထင်ပါစေနှင့်။

### မြို့တော်ကောင်စီဝင်အတွက်

နှစ်နှစ် သက်တမ်း
တစ်ဦးထက်ပို၍ မဲမပေးရ

| | | |
|---|---|---|
| **KAREN PAUL** Burlington | ဒီမိုကရက်တစ် | ⬭ |
| | | ⬭ |
| (အခြား ကိုယ်စားလှယ်လောင်း အမည် ဖြည့်စွက်ရန်) | | |

### ကျောင်း ကော်မရှင် အဖွဲ့ဝင်အတွက်

နှစ်နှစ် သက်တမ်း
တစ်ဦးထက်ပို၍ မဲမပေးရ

| | | |
|---|---|---|
| **CLARE WOOL** Burlington | | ⬭ |
| | | ⬭ |
| (အခြား ကိုယ်စားလှယ်လောင်း အမည် ဖြည့်စွက်ရန်) | | |

### ရွေးကောက်ပွဲ စစ်ဆေးရေး အရာရှိအတွက်

သုံးနှစ် သက်တမ်း
တစ်ဦးထက်ပို၍ မဲမပေးရ

| | | |
|---|---|---|
| **JANE A. SMITH** Burlington | တစ်သီးပုဂ္ဂလ | ⬭ |
| | | ⬭ |
| (အခြား ကိုယ်စားလှယ်လောင်း အမည် ဖြည့်စွက်ရန်) | | |

**မဲစာရွက်၏ နှစ်ဖက်စလုံးတွင် မဲပေးပါ**

# မေးခွန်းများ

## မဲပေးသူများအတွက် လမ်းညွှန်ချက်များ

1. အောက်ပါ မေးခွန်းများထဲမှ တစ်ခုခုကို နှစ်သက်သောကြောင့် မဲပေးလိုပါက ဟုတ် ဟု အမှတ်အသားပြထားသော ဘဲဥပုံထဲတွင် ဖြည့်ပါ။
2. အောက်ပါ မေးခွန်းများထဲမှ တစ်ခုခုကို ကန့်ကွက်မဲပေးလိုပါက မဟုတ် ဟု အမှတ်အသားပြထားသော ဘဲဥပုံထဲတွင် ဖြည့်ပါ။
3. မဲပေးရန် ဘဲဥပုံထဲတွင် ဤအတိုင်း ဖြည့်ပါ- ⬬
4. မဲစာရွက်ပေါ်တွင် အမှားလုပ်မိပါက၊ စာရွက်ကို ဖြဲမိပါက သို့မဟုတ် ဖျက်ဆီးမိပါက ၎င်းကို ရွေးကောက်ပွဲ အရာရှိထံ ပြန်အပ်နှံပြီး နောက်ထပ် မဲစာရွက်တစ်ရွက် ရယူပါ။ ဖျက်ရာ၊ ခြစ်ရာ မထင်ပါစေနှင့်။

**1. 2023 ဘဏ္ဍာရေးနှစ်အတွက် ကျောင်းဘတ်ဂျတ် သဘောတူခွင့်ပြုချက်**

"ခရိုင်ကျောင်း၏ မဲပေးသူများအနေဖြင့် လာမည့် ဘဏ္ဍာရေးနှစ်အတွက် လိုအပ်မည်ဟု ကျောင်းဘုတ်အဖွဲ့က ဆုံးဖြတ်ထားသည့် ပမာဏ $98,232,381 ကို သုံးစွဲရန် ကျောင်းဘုတ်အဖွဲ့ကို သဘောတူခွင့်ပြုသင့်ပါသလား။

သဘောတူခွင့်ပြုလိုက်ပါက ဤအဆိုပြုတင်သွင်းထားသည့် ဘတ်ဂျက်ကို ကျောင်းသားတစ်ဦးလျှင် $19,310.56 နှုန်းဖြင့် ပညာရေးအတွက် ညီတူမျှတူ သုံးစွဲမည်ဟု ခန့်မှန်းထားပါသည်။ ကျောင်းသားတစ်ဦးစီအတွက် ညီတူမျှတူ သုံးစွဲမည့် ဤခန့်မှန်းပမာဏသည် လက်ရှိနှစ်၏ အသုံးစရိတ်ထက် 13.13% ပိုများပါသည်။ ဤပမာဏနှုန်းဖြင့် သုံးစွဲပါက အဆောက်အအုံ အခွန်နှုန်းထား 6.98% (လက်ရှိ ခန့်မှန်းချက်) ထိ ကျဆင်းသွားနိုင်သည်။"

ဟုတ် ◯
မဟုတ် ◯

**2. အဆိုပြုတင်သွင်းထားသော အထွေထွေရန်ပုံငွေ အခွန်နှုန်းထား တိုးမြှင့်ခြင်း**

"မြို့တော် ပဋိညာဉ်စာတမ်း၏ အပိုင်း 99 အရ အမြင့်ဆုံး အထွေထွေ မြို့တော်ခွန်နှုန်းထားကို $0.1952 မှ $0.2352 သို့ $0.04 ထိ တိုးမြှင့်ပြီး FY23 အတွက် စုစုပေါင်း မြို့တော်ခွန်နှုန်းထားကို 5.5% ထိ တိုးမြှင့်သင့်ပါသလား။"

ဟုတ် ◯
မဟုတ် ◯

**3. မြို့တော် စီမံကိန်းများအတွက် အထွေထွေ မြို့တော်စည်ပင်သာယာရေး ငွေချေးစာချုပ်များ ထုတ်ပေးရန် သဘောတူခွင့်ပြုချက်**

"မြို့တော်သည် အထွေထွေ မြို့တော်စည်ပင်သာယာရေး ငွေချေးစာချုပ်နေရာတွင် အသုံးပြုနိုင်သည့် လက်ရှိခန့်မှန်းချက်များထက် ပိုမိုသော အခြား အရင်းအနှီး ရန်ပုံငွေများကို ရယူနိုင်ခဲ့ပြီး အုပ်ချုပ်ရေးအဖွဲ့သည် မြို့တော်ကောင်စီ၏ ပြန်လည်ခွဲဝေသုံးစွဲရေး အတိအလင်း ခွင့်ပြုချက်ရှိသည်မှလွဲ၍ ငွေချေးစာချုပ်မှရရှိသော ငွေများကို အခြား ရင်းနှီး မြှုပ်နှံမှုများအတွက် ပြန်လည်ခွဲဝေသုံးစွဲခြင်းမပြုဘဲ ရည်မှန်းချက်တစ်ခုအဖြစ် အခွန်ထမ်း စုဆောင်းငွေများကို ဦးစားပေးမည်ဆိုပါက မီးသတ်ကားများနှင့် အရေးပေါ် ဆက်သွယ်ရေးစနစ်များကို အသစ်လဲခြင်း၊ မြို့တော်က ပိုင်ဆိုင်သော အဆောက်အအုံဆယ်ခုနှင့် ကိုးမိုင်ရှည်လျားသည့် မြို့တွင်းလူသွားလမ်းများကို ပြုပြင်ခြင်းနှင့် မြို့တော် အဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ထိန်းသိမ်းစောင့်ရှောက်ပြီး ထပ်ဆောင်း ပြုပြင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်မှု ကုန်ကျစရိတ်များ မရှိစေရန် ရည်ရွယ်ပြီး လက်ရှိ သို့မဟုတ် လာမည့် မြို့တော် စီမံကိန်းများအတွက် ဒေသတွင်း ကိုက်ညီသော ရန်ပုံငွေများ ခွဲဝေသုံးစွဲခြင်း၊ မြို့တော်နှင့် ၎င်း၏ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်းများကို ထောက်ပံ့ခြင်းတို့ အပါအဝင်ထိုမျှမကသော မြို့တော်အတွင်း အဆောက်အအုံ ပြုပြင်မွမ်းမံမှုများ၊ အသစ်လဲမှုများနှင့် ပြုပြင်မှု စီမံကိန်းများစွာကို ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်အတွက် မြို့တော်ကောင်စီက နှစ်ဆယ့်သုံးသန်း ရှစ်သိန်း ဒေါ်လာ ($23,800,000) ထက် မကျော်လွန်သော ပမာဏရှိသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အထွေထွေ မြို့တော်စည်ပင်သာယာရေး ငွေချေးစာချုပ်များ သို့မဟုတ် ငွေသားများ ထုတ်ပေးမည်ကို ခွင့်ပြုသင့်ပါသလား။"

ဟုတ် ◯
မဟုတ် ◯

**4. မြို့လယ် TIF ခရိုင်အတွင်း ပြည်သူပိုင်အဆောက်အအုံများ မွမ်းမံမြှင့်တင်မှုများအတွက် ကြွေးမြီ အာမခံချက်ရှိစေရေး မြို့တော်၏ ဘဏ္ဍာစာရင်းရှိငွေကို အာမခံအဖြစ်ထားခြင်း**

"မြို့တော်ကောင်စီသည် ကြွေးမြီ အာမခံချက်ရှိစေရန် သို့မဟုတ် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပြည်သူပိုင်အဆောက်အအုံ မွမ်းမံမြှင့်တင်မှုများနှင့် မြို့လယ်အတွင်း နှစ်တိုးအခွန်ဝင်ငွေဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ ငွေကြေးထောက်ပံ့ပေးသည့် (TIF) ခရိုင်တွင် ဆောင်ရွက်ပေးသော စီမံကိန်းများအတွက် ဆက်စပ်ကုန်ကျစရိတ်များကို ငွေကြေးထောက်ပံ့ရန် ရည်ရွယ်၍ တိုက်ရိုက်ပေးချေမှုများ ပြုလုပ်ရန်၊ အထူးသဖြင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား၍ မြို့တော်၏ ကြွေးပြန်ဆပ်မည်ဟု အကြွင်းမဲ့ အာမခံခြင်းကို မြို့တော်ကောင်စီက ကတိပြုရန် ခွင့်ပြုသင့်ပါသလား-

(က) **မိန်းလမ်း၏ လမ်းရှုခင်းဒီဇိုင်းများကို အဆင့်မြှင့်တင်ခြင်း-** လမ်းဆုံအားလုံး အပါအဝင် South Union လမ်းနှင့် Battery လမ်းကြားရှိ ဘလောက် ခြောက်ခုအတွက်- လမ်းရှုခင်း၊ မိုးရေထိန်းချုပ်စနစ်၊ ဓာတ်အားစနစ်၊ မီးအလင်းရောင်၊ သယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်မှုများ ထည့်သွင်းရန်၊ ၎င်း၏လက်ရှိတည်နေရာမှနေ၍ College Street အလယ်ဘလောက်မှ South Union နှင့် South Winooski Avenue ကြား ဘလောက်ရှိ မိန်းလမ်းသို့ ဖြတ်သွားသည့် "လျှိုမြောက်တစ်ဝိုက် ရေဆိုးထုတ်ပိုက်လိုင်း" ဟု ခေါ်သော အပိုင်းကို နေရာပြောင်းရွှေ့ခြင်း သို့မဟုတ် အခြားနည်းဖြင့် အဆင့်မြှင့်တင်ခြင်းတို့ အပါအဝင်၊

(ခ) **ဆက်စပ်ကုန်ကျစရိတ်များ-** ပြင်ပမှ ပစ္စည်းရောင်းချသူများ၊ အကြံပေးပုဂ္ဂိုလ်များသို့ ပေးချေရသော ကုန်ကျစရိတ်များနှင့် TIF ခရိုင်နှင့် သက်ဆိုင်သည့် ဆက်စပ်အခကြေးငွေများနှင့် အခြားကုန်ကျစရိတ်အမျိုးမျိုး အပါအဝင် မြို့လယ် TIF ခရိုင်ကို ဖန်တီးခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် မြို့တော်မှ ကျခံသော TIF အတွက် အကျုံးဝင်သည့် ဆက်စပ်ကုန်ကျစရိတ်များအပြင် ခရိုင်အား ဖန်တီးခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်၍ ပညာရေးဆိုင်ရာ တိုးမြှင့်ခွန်မဟုတ်ဘဲ ဥပဒေနှင့်အညီ အခြားနည်းဖြင့် ငွေပြန်ထုတ်ပေးသော စည်ပင်မှ သတ်မှတ်အတိုင်းအတာတစ်ခုအထိ ထုတ်ပေးသည့် ဌာနဆိုင်ရာ သို့မဟုတ် ဝန်ထမ်းစရိတ်စကကဲ့သို့သော တိုက်ရိုက် စည်ပင်ကုန်ကျစရိတ်များကို ပေးချေခြင်း သို့မဟုတ် ငွေပြန်ထုတ်ပေးခြင်း၊

မြို့လယ် TIF ခရိုင်အတွင်း အဆောက်အအုံများမှ တိုးမြှင့်အခွန်ကောက်ခံရရှိမှုကို ထိုကဲ့သို့ အကြွေးတင်မှု သို့မဟုတ် မွမ်းမံမြှင့်တင်မှုများအတွက် တိုက်ရိုက်ကုန်ကျစရိတ်များအတွက် ပေးချေရန် ကတိပြုပြီး ခွဲဝေလျာထားရမည့်အပြင် မြို့တော်အနေဖြင့် မြို့လယ် TIF ခရိုင်၏ ငွေကြေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် စည်ပင်သာယာ၏ အခွန်တိုးမြှင့်ကောက်ခံရရှိမှုအားလုံးမှ ပြဋ္ဌာန်းဥပဒေအရအနည်းဆုံး 75% နှင့် အများဆုံး 100% အထိ အသုံးပြုနိုင်မည်ဆိုပါက စုစုပေါင်း ငွေရင်းပမာဏ $25,920,000 ထက်မပိုစေရဘဲ (မြို့လယ် TIF ခရိုင်ကို ဖန်တီးချိန်မှစ၍ သဘောတူခွင့်ပြုထားသော မြို့လယ် TIF ခရိုင်၏ စုစုပေါင်း ကြွေးမြီ $35,920,000၊ ယင်းပမာဏမှ $10,000,000 ကို ယခင် မဲပေးသူများက ခွင့်ပြုထားပြီးဖြစ်ကာ $5,420,000 ကို ယခင်က ချေးထားခဲ့ပြီး $4,580,000 ကို ခွင့်ပြုပြီးသော်လည်း မချေးရသေးပါ)၊ အဆိုပါ ရည်ရွယ်ချက်အတွက် ငွေချေးစာချုပ်များ၊ ငွေသားများ ထုတ်ပေးခြင်း သို့မဟုတ် ကြားခံချေးငွေများ ယူခြင်းနှင့် မဲပေးသူများက ခွင့်ပြုထားသည့် စုစုပေါင်း ဆက်စပ်ကုန်ကျစရိတ် $1,848,000 အထိဖြင့် ဆက်စပ်ကုန်ကျစရိတ် $1,470,000 အထိ သုံးစွဲခြင်း။"

ဟုတ် ◯
မဟုတ် ◯

**5. လိုင်အလုပ်သမားများကို စည်းကမ်းထိန်းသိမ်းရန် မြို့တော်ကောင်စီ၏ အခွင့်အာဏာကို ဖယ်ရှားရေးအတွက် အဆိုပြုထားသော ပဋိညာဉ်စာတမ်းဆိုင်ရာ အပြောင်းအလဲ**

"ဘာလင်တန် မြို့တော်၏ ပဋိညာဉ်စာတမ်း၊ 1949 အက်ဥပဒေများ၊ အမှတ်စဉ် 298 တွင် ပြင်ဆင်ဖြည့်စွက်ထားသည့်အတိုင်း §48(7) တစ်ခုလုံးကို ဖယ်ရှားလိုက်ခြင်းဖြင့် မြို့တော်ကောင်စီ၏-

~~(7) ပြည့်တန်ဆာအိမ်များနှင့် ဆောင်ကြာမြိုင်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ တွေ့ရများသော ပြည့်တန်ဆာများနှင့် ၎င်းတို့နှင့် အဆက်အဆံပြုသော လူပုဂ္ဂိုလ်များကို ပြစ်ဒဏ်ပေးခြင်း" ကို ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများမှ ၎င်းကိုဖယ်ရှားရန်အတွက် နောက်ထပ်ပြင်ဆင်သင့်ပါသလား။"~~

ဟုတ် ◯
မဟုတ် ◯

## မဲစာရွက်၏ နှစ်ဖက်စလုံးတွင် မဲပေးပါ

SAMPLE